လုပ်ဆောင်နေခဲ့ကြ သူများ၊ ရှမ်းစာပေ သင်ရိုးညွှန်းတမ်းနှင့် ပိုစတာများ ထုတ်လုပ်ကြသူများ ဖြစ်ကြသည်။ အချို့မှာလည်း ရှမ်းပြည်နယ် အမျိုးသမီး အစည်းအရုံး (Women's Association of Shan State) တွင် ပါဝင်ခဲ့ဘူးသူများလည်း ဖြစ်ကြသည်။ ထိုအစည်းအရုံးသည် ရှမ်းလွတ်မြောက်နယ်မြေတွင် "စွမ်းအသင်း" ထက် ခြောက်နှစ်စော၍ ဖွဲ့ခဲ့သော အဖွဲ့အစည်းတခု ဖြစ်သည်။ သို့သော် ထိုအဖွဲ့သည် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိခဲ့သည့်အပြင် ၁၉၉၆ ခုနှစ် အစောပိုင်း၌ မိန်းတိုင်း တပ်မတော် (Mong Tai Army) လက်နက်ချသွားသည်နှင့် တပြိုင်နက် ပျက်ပြယ်သွားခဲ့သည်။

ကျစ်လစ်ခိုင်မာသော ရှမ်းအမျိုးသမီး လှုပ်ရှားမှု ကွန်ယက်တရပ်ဖြစ်သော ပီပြင်သည့် အဖွဲ့အစည်းတခုအဖြစ် တည်ထောင်လိုက်ခြင်းအားဖြင့် အိုးအိမ်မဲ့ ရှမ်းအမျိုးသမီးများ၏ လက်တွေ့ လိုအပ်ချက်များကို အကူအညီပေးရာတွင် ပို၍ ထိရောက်စွာ ဆောင်ရွက်နိုင်သည်သာမက ၎င်းတို့၏ လိုအပ်ချက်များကိုလည်း မဟာဗျူဟာကျ ဖြေရှင်းပေးနိုင်မည်ဟု ခံစားမိခဲ့သည်။ ထို့အပြင် အမျိုးသမီးများနှင့်စပ်လျဉ်းသော ကိစ္စ အဝဝကို အခြားသော မြန်မာနိုင်ငံ အမျိုးသမီး အဖွဲ့အစည်းများနှင့် ကွန်ယက်ဆက်သွယ် လုပ်ဆောင်နိုင်သည့်အပြင် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် အမျိုးသမီးများနှင့် တွဲဖက် လုပ်ကိုင်ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ကွန်ယက်ဖွဲ့ကာ ပို၍ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ခဲ့ကြသည်။

တချိန်တည်းမှာ ထိုင်းအလုပ်သမား ဈေးကွက်တွင် အတိဒုက္ခရောက်နေသော ထိုင်းနိုင်ငံသို့ ပြေးရောင်လာသည့် ရှမ်းဒုက္ခသည် ရွှေ့ပြောင်းအလုပ်လုပ်သူများအရေး၊ စစ်တပ်၏ ရှမ်းပြည်တွင်းရှိ ပြည်သူများအပေါ် အစီအစဉ်ချ လူ့အခွင့်အရေး ဖောက်ဖျက်မှုများနှင့်တကွ မတရားဖိနှိပ်ချုပ်ချယ်သော မူဝါဒများ ဖော်ထုတ်နိုင်ရေးကိုပါ ရည်ရွယ်ခဲ့ကြသည်။

ဆွေးနွေးချက်များမှ တဆင့် အဖွဲ့အစည်း၏ အမည်၊ အဖွဲ့အစည်း၏ ရည်မှန်းချက်များနှင့် အသင်း၏ သင်္ကေတအဖြစ် "သိုင်းက" ကနေသော ကိန္နရီရုပ်ပုံကို အားလုံးက သဘောတူ သတ်မှတ်ခဲ့သည်။

အစည်းအဝေးအပြီးတွင် တက်ရောက်သူများအားလုံးက ပညာရေး၊ ကျန်းမာရေး၊ ရုံပုံငွေရှာဖွေရေးနှင့် ကွန်ယက် တည်ဆောက်ရေး အစရှိသည့် လုပ်ငန်းကဏ္ဍအသီးသီးဖြင့် လှုပ်ရှားဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ အားလုံးက ပြင်ပမှ တသီးပုဂ္ဂလအရ သော်လည်းကောင်း၊ အဖွဲ့အစည်းများအရ သော်လည်းကောင်း၊ နိုင်ငံရေးအုပ်စုများအရ သော်လည်းကောင်း မည်သည့် လွှမ်းမိုးခြင်းမျိုးမျှ မရှိစေရပဲ လွတ်လပ်စွာ လုပ်ကိုင်မည်ဟူ၍ သဘောတူခဲ့သည်။ ထို့အပြင် အားလုံးတန်းတူရည်တူရှိသော အစုအဖွဲ့ သဏ္ဍာန်ဖြင့် အဖွဲ့အစည်းတွင် လုပ်ကိုင်ဆောင်ရွက်သင့်သည်ဟုလည်း သဘောတူခဲ့သည်။ အမျိုးသမီးများနှင့် လူ့အဝန်းအဝိုင်း၏ လုံခြုံဘေးကင်းမှုနှင့် အကောင်းဆုံးအကျိုးစီးပွားကို ဦးစားပေး၍ လူထုအရေးကို ရှေ့ရှုကာ လုပ်ဆောင်သင့်သည်ဟု ဆုံးဖြတ်ခဲ့သည့်နည်းတူ အဆင့်အားလုံးတွင် တာဝန်ခံမှုရှိရမည်ကိုလည်း သဘောတူခဲ့ကြသည်။ အစုအဖွဲ့ပုံစံဖြင့် အလုပ်လုပ်ကိုင်မည်ဟူသည့်မူအတိုင်း အဖွဲ့အစည်းအား အလျားလိုက်ပုံစံ စနစ်ဖြင့် သွားရန် အားလုံး သဘောတူခဲ့သည်။

ဤသို့ဖြင့် အလေးထားမှု လုံးဝ လိုအပ်နေသော ရှမ်းအမျိုးသမီးများ၏ အရေးကိစ္စများကို ဗျူဟာကျ ဆောင်ရွက်ပေးရန်၊ အမျိုးသမီးများ၏ အရေးပေါ် လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးရန် ရှမ်းအမျိုးသမီးများ စုစည်းနိုင်ခဲ့ကြပြီး ၁၉၉၉ ခုနှစ် မတ်လ (၂၈) ရက်နေ့တွင် ချင်းမိုင်မြို့၌ ထိုင်းနိုင်ငံအတွင်းနှင့် ထိုင်းမြန်မာ နယ်စပ်အသီးသီးတွင် အခြေစိုက်သော ရှမ်းအမျိုးသမီး (၄၀) ဦးခန့်က ယခု အများသိကြသည့် "စွမ်း" ခေါ် "ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း" **Shan Women's Action Network (SWAN)** ကို အောင်မြင်စွာ စတင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

www.shanwomen.org Shan Women's Action Network (SWAN)

# "စွမ်း"

## ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း

စွမ်း အသင်းသည် ထိုင်းနိုင်ငံအတွင်းနှင့် ထိုင်းမြန်မာနယ်စပ်ရှိ ရှမ်းအမျိုးသမီးများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နေကြသည့် လှုပ်ရှားမှု ကွန်ယက်အဖွဲ့အစည်းတခုဖြစ်ပြီး ရှမ်းအမျိုးသမီးထု လိုအပ်ချက်များကို ဖြည့်ဆည်း ထင်ဟပ်ဆောင်ရွက်နိုင်ရန်အတွက် ရည်စူးပါသည်။

စွမ်း အသင်းကို ၁၉၉၉ ခုနှစ် မတ်လ (၂၈) ရက်နေ့တွင် ချင်းမိုင်မြို့၌ ထိုင်းနိုင်ငံအတွင်းနှင့် ထိုင်းမြန်မာနယ်စပ်အသီးသီးတွင် အခြေစိုက်သော ရှမ်းအမျိုးသမီး (၄၀) ဦးခန့်က စတင်ဖွဲ့စည်းခဲ့သည်။

# “စွမ်း”

## အသင်း နောက်ခံသမိုင်း

၁၉၉၆ ခုနှစ် မှ ၁၉၉၈ ခုနှစ် ကာလအတွင်းတွင် မြန်မာစစ်တပ်က ရှမ်းပြည်အလယ်ပိုင်းရှိ ရွာပေါင်း (၁၄၀၀) ကျော်မှ ခန့်မှန်းခြေ ရှမ်းပြည်သူ သုံးသိန်းခန့်ကို ၎င်းတို့ကျေးရွာများမှ အတင်းအဓမ္မ ပြောင်းရွှေ့စေခြင်းများလုပ်၍ မောင်းထုတ်ခဲ့သည့် နည်းတူ စစ်အစိုးရက ရှမ်းလူမှုအသိုင်းအဝိုင်းကို ညှင်းပမ်းနှိပ်စက်၊ ကြောက်ရွံ့သွားစေရန် ရည်ရွယ်၍ ရှမ်းပြည်သူလူထုအား အစုလိုက် အပြုံလိုက်သတ်ဖြတ်ခြင်း၊ အစီအစဉ်ချ မုဒိမ်းကျင့်ခြင်းများ ကျူးလွန်ခဲ့သောကြောင့် ထောင်သောင်းချီ ရှမ်းပြည်သူ အလုံးအရင်းဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ရသည်။ အချို့ ရှမ်းပြည်သူများက ထိုင်းမြန်မာနယ်စပ်နှင့် နီးစပ်သော ရှမ်းပြည်တပ်မတော် ထိန်းချုပ်သော ဒေသများတွင် နေထိုင်ကြသည်။

ထိုင်းနိုင်ငံသို့ ထွက်ပြေးလာသော ရှမ်းပြည်သူများအတွက် ထိုင်းအစိုးရက ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်မှ ထွက်ပြေးလာ သူများကဲ့သို့ ဒုက္ခသည်အဖြစ် အသိအမှတ်ပြု လက်ခံခြင်း မရှိသဖြင့် ဒုက္ခသည်စခန်း မရှိချေ။ ထို့ကြောင့် ရှမ်းလူမှုအသိုင်းအဝိုင်းများက တတ်နိုင်သမျှ လိုအပ်သော ဝန်ဆောင်မှုများအတွက် ကြိုးပမ်းပေးခဲ့ကြသည်။ ထွက်ပြေးလာသူ ရှမ်းဒုက္ခသည်များမှာ အသက်ကြီးရင့်သူမှ ကလေးငယ်များအထိ ပါဝင်သည့် မိသားစု အသက်ရှင် ရပ်တည်ရေးအတွက် အလုပ်လုပ်နိုင်သည့် အရွယ်ရှိသူများ ထိုင်းနိုင်ငံ၏ ကျပန်းအလုပ်သမား ဈေးကွက်တွင် ရွှေ့ပြောင်း အလုပ်သမားများအဖြစ် “သုံးဒီ၊ 3Ds” ဟု အင်္ဂလိပ် အမည်ပေးထားသည့် ထိုင်းလူမျိုးများ မလုပ်လိုသော ညစ်ပတ်၊ ခက်ခဲပင်ပန်း၍ အန္တရာယ်များသည့် အလုပ်မျိုးကို လုပ်ကိုင်ခဲ့ကြရသည်။ သူတို့၏ တရားမဝင်သော အခြေအနေကြောင့် အလုပ်လုပ်ရာတွင်လည်း ထိုင်းအလုပ်ရှင်များနှင့် မသမာသူများ၏ ရှမ်းဒုက္ခသည် ရွှေ့ပြောင်းအလုပ်လုပ်သူများအပေါ် လုပ်အားခေါင်းပုံဖြတ်ခြင်း၊ မတရားအနိုင်ကျင့် ခြင်းစသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက် ခံစားခဲ့ကြရပြီး ရှမ်းဒုက္ခသည်များမှာ အထူးထိခိုက်နစ်နာနေခဲ့ ကြရသည်။

ထို့သို့သော အကြောင်းတရားများ တုန်လှုပ်နာကျည်းဖွယ်ရာ အခြေအနေများ ရင်နှင့်ဖွယ်ရာများစွာက “စွမ်း” ဟု အများက သိကြသည့် “ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း” ဖြစ်လာမည့် ရှမ်းအမျိုးသမီးလှုပ်ရှားမှု ကွန်ယက်တရပ် ဖွဲ့စည်းတည်ထောင်လာအောင် စေ့ဆော်အားပေးသည့် အကြောင်းတရားတစ်ခု ဖြစ်ပေသည်။

“စွမ်း” အသင်း ဟု မဖွဲ့စည်းမီ ကတည်းကပင် ထိုင်းနိုင်ငံ နယ်စပ်နှင့် နေရာဒေသအသီးသီးတွင် ရောက်ရှိနေသော ရှမ်းအမျိုးသမီးများသည် အိုးအိမ်မဲ့ ရှမ်းပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးစီမံချက်များ၊ အမျိုးသမီးများ၏ လိုအပ်ချက်များကို လုပ်ငန်းစီမံချက် (ပရောဂျက်) များအားဖြင့် တနိုင်တပိုင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခြင်း (သို့မဟုတ်) ပါဝင် ဆောင်ရွက်ခြင်းတို့ တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်နေနှင့် ပြီးဖြစ်သည်။

ဘန်ကောက်အခြေစိုက် တိုင်း (ရှမ်း) လူမှုကူညီစောင့်ရှောက်ရေးအသင်း တခုဖြစ်သော “ခေးတိုင်းမိုင်စုန်” (Kher Thai Mai Soong) အဖွဲ့ဝင် အမျိုးသမီးအချို့သည် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းရှမ်းလူမျိုးများနှင့် လူကုန်ကူးခြင်းခံရသော ရှမ်းအမျိုးသမီးများအတွက် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ပညာပေးရေး၊ ကျန်းမာရေး၊ လူမှုအကူအညီပေးရေး လုပ်ငန်းများ၊ တရားဥပဒေရေးရာ အကြံပေးမှုများနှင့် အရေးပေါ် အကူအညီများပေးရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံ ထိုင်းအဲန်ဂျီအိုများ၊ နိုင်ငံတကာ အဲန်ဂျီအိုများနှင့်လည်း လက်တွဲ၍ လူကုန်ကူးသည့် ကိစ္စများနှင့်ပတ်သက်၍ အများပြည်သူတို့ အမြင်ပွင့်လာစေရန်လည်း ဆောင်ရွက်ခဲ့သည်။

ချင်းမိုင်မြို့တွင်လည်း ယခင်ကတည်းက ရောက်ရှိနေကြပြီး အန်ဂျီအိုများနှင့် တခြားမြန်မာနိုင်ငံနှင့်သက်ဆိုင်သော လုပ်ငန်းစီမံချက်များတွင် လုပ်ကိုင်နေကြသော တသီးပုဂ္ဂလ ရှမ်းအမျိုးသမီးတချို့လည်း ရှိခဲ့သည်။ ဥပမာအားဖြင့် “MAP”/ Migrant Assistance Programme (ယခု အမည် မက် ဖောင်ဒေးရှင်း) ခေါ် “ရွှေ့ပြောင်း အလုပ်သမားများအား ကူညီရေးအစီအစဉ်”၊ “Burma Relief Centre - BRC” ခေါ် မြန်မာ့ကယ်ဆယ်ရေးအဖွဲ့၊ “Shan Human Rights Foundation - SHRF” ခေါ် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် စသည့် အဖွဲ့အစည်းများတွင် တာဝန်ယူ လုပ်ဆောင်နေသော ရှမ်းအမျိုးသမီးများသည် အကူအညီလိုအပ်နေသော အမျိုးသမီးများအား ရှမ်းနှင့်ထိုင်းဘာသာစကား သင်တန်း၊ ကျန်းမာရေး အစီအစဉ်များ၊ ကျန်းမာရေးဆိုင်ရာ ပညာပေးစာစောင်၊ စာအုပ်နှင့် အမြင်ဖွင့် ထောက်ကူပစ္စည်းများ ထုတ်လုပ်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို ရှမ်းဘာသာဖြင့် ထုတ်ဝေခြင်း အစရှိသည့် လုပ်ဆောင်မှုများဖြင့် တဖက်တလမ်းမှ ကူညီပေးခဲ့သည်။

တချိန်တည်းမှာပင် ထိုင်းနိုင်ငံမြောက်ပိုင်း ရှမ်းနှင့် ထိုင်းနယ်စပ်ချင်း ထိစပ်နေသော ချင်းမိုင်နှင့် ချင်းရိုင်းခရိုင်များတွင်၊ ရှမ်းလူမှုအသိုင်းအဝိုင်းမှ ရှမ်းအမျိုးသမီးများက ရှမ်းဘာသာ စာပေသင်တန်းများ၊ ရှမ်းယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ ရှမ်းဘာသာ ကျောင်းသုံး ဖတ်စာအုပ်များနှင့် ပိုစတာများ ထုတ်ဝေခြင်း အစရှိသည်တို့ကို လုပ်ဆောင်နေခဲ့ကြသည်။

အထက်တွင် ဖော်ပြခဲ့သည့် လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေသော ရှမ်းအမျိုးသမီးများအနေနှင့် အားလုံး စုပေါင်း၍ နေရာမဲ့ ရှမ်းအမျိုးသမီးများ၏ လက်တွေ့နှင့် မဟာဗျူဟာ လိုအပ်ချက်များကို ပို၍ ထိရောက်စွာ ဖြေရှင်းပေးနိုင်ရန် ဆန္ဒရှိကြသည့်အညီ ပိုမိုကျစ်လစ်ခိုင်မာသော လှုပ်ရှားမှု ကွန်ယက်တခု ရှမ်းအမျိုးသမီးများ အကြား ဖွဲ့စည်းရန် ဖြစ်လာခဲ့သည်။

၁၉၉၉ ခုနှစ် မတ်လ (၂၈) ရက်နေ့ နံနက်ခင်းတွင် အသက်အရွယ်မတူ၊ ဘဝဖြတ်သန်းမှု မတူညီသော ရှမ်းတိုင်းရင်းသူ အမျိုးသမီး (၄၀) ခန့်သည် အစည်းအဝေး တခု ပြုလုပ်ရန်အတွက် လာရောက်စုဆုံခဲ့ကြသည်။ အားလုံး၏ ရည်မှန်းချက်မှာ ရှမ်းတိုင်းရင်းသူ အမျိုးသမီးအဖွဲ့တခု တည်ထောင်ရန်ဖြစ်သည်။

အစည်းအဝေးတက်လာသော အမျိုးသမီးအချို့မှာ အထက်တွင် ဖော်ပြထားသည့် ရှမ်းရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များအတွက် အရေးပေါ် အထောက်အပံ့များစသည့် လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ဖူးသူများ၊ ရှမ်းပြည်နယ်အတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်၍ လူသိရှင်ကြား ထုတ်ဖော်ပေးသူများ၊ ရွှေ့ပြောင်းနေထိုင်သူများအား ကူညီပေးရေးတို့တွင် အလုပ်လုပ်ကိုင်နေကြသည့်သူများ၊ ရှမ်းစာပေ သင်တန်းများနှင့် ရှမ်းယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ